ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

သစ်တောဦးစီးဌာန

**အမိန့်ကြော်ငြာစာအမှတ် ၁၂၈၉ / ၂၀၂၀**

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၆ ရက်

(၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၆ ရက်)

**ပုဂ္ဂလိကသစ်တောစိုက်ခင်းများ၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း၊ သစ်တောနယ်မြေပြင်ပတွင် စိုက်ပျိုးတည်ထောင်ပြီး သစ်တောဦးစီးဌာနတွင် မှတ်ပုံတင်ထားသော သစ်တောစိုက်ခင်းများနှင့် သစ်တောသစ်ပင်များမှ ထုတ်လုပ်ထွက်ရှိသည့် သစ်လုံး၊ တိုင်၊ မျောများ အတွက် ကောက်ခံမည့်အခွန်နှုန်းများ သတ်မှတ်ကြေညာခြင်း**

၁။ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲမှုကော်မတီ၏ ၂၇/၂၀၂၀ ကြိမ်မြောက်အစည်းအဝေး ဆုံးဖြတ်ချက်အရ သစ်တောနယ်မြေအတွင်း ခွင့်ပြုချက်ရယူပြီး စိုက်ပျိုးတည်ထောင်ထားသည့် ပုဂ္ဂလိကသစ်တောစိုက်ခင်းများ၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း (စိုက်ခင်းနှင့်သဘာဝတော)၊ သစ်တောနယ်မြေပြင်ပတွင် စိုက်ပျိုးတည်ထောင်ပြီး သစ်တောဦးစီးဌာနတွင် မှတ်ပုံတင်ထားသော သစ်တောစိုက်ခင်းများနှင့် သစ်တောသစ်ပင်များမှ ထုတ်လုပ်ထွက်ရှိသည့် သစ်လုံး၊ တိုင်၊ မျောများအတွက် ကောက်ခံမည့်အခွန်နှုန်းများကို ၂၀၁၈ ခုနှစ်၊ သစ်တောဥပဒေပုဒ်မ ၂၀ ပုဒ်မခွဲ(ဂ)အရ အောက်ပါအတိုင်းသတ်မှတ်ကြောင်းကြေညာလိုက်သည်-

(က) **သစ်တောနယ်မြေအတွင်း ခွင့်ပြုချက်ရယူပြီး စိုက်ပျိုးတည်ထောင်ထားသည့် ပုဂ္ဂလိကသစ်တောစိုက်ခင်းများမှ ထုတ်လုပ်ထွက်ရှိသည့် သစ်လုံး၊ တိုင်၊ မျောများအတွက် သတ်မှတ်သည့်အခွန်နှုန်းများ-**

| စဉ် | အမျိုးအစား | ရေတွက်ပုံ | အခွန်နှုန်း(ကျပ်) |
|---|---|---|---|
| ၁ | ကျွန်းသစ်လုံး | ကုဗတန် | ၁,၅၀၀ |
| ၂ | သစ်မာအုပ်စု (၁) သစ်လုံး | | |
| | (က) ပိတောက်/ တမလန်း | ကုဗတန် | ၁,၅၀၀ |
| | ( ခ ) ပိတောက်/ တမလန်းမှအပ | ကုဗတန် | ၁,၀၀၀ |
| ၃ | သစ်မာအုပ်စု (၂) သစ်လုံး | ကုဗတန် | ၅၀၀ |
| ၄ | သစ်မာအုပ်စု (၃)၊ (၄)၊ (၅) သစ်လုံး | ကုဗတန် | ၃၀၀ |

| စဉ် | အမျိုးအစား | ရေတွက်ပုံ | အခွန်နှုန်း(ကျပ်) |
|---|---|---|---|
| ၅ | ပြည်ပသစ်မျိုး (ယူကလစ်၊ မန်ဂျန်ရှား စသည်) သစ်လုံး | ကုဗတန် | ၃၀၀ |
| ၆ | ကျွန်းတိုင် | လုံး | ၄၀ |
| ၇ | သစ်မာ/ပြည်ပသစ်မျိုး တိုင် | လုံး | ၂၅ |
| ၈ | ကျွန်း/ သစ်မာ/ ပြည်ပသစ်မျိုး မျော | လုံး | ၀.၅ |

( ခ ) ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း (စိုက်ခင်းနှင့် သဘာဝတော)မှ ထုတ်လုပ်ထွက်ရှိသည့် သစ်လုံး၊ တိုင်၊ မျောများအတွက် သတ်မှတ်သည့်အခွန်နှုန်းများ-

| စဉ် | အမျိုးအစား | ရေတွက်ပုံ | အခွန်နှုန်း (ကျပ်) | |
|---|---|---|---|---|
| | | | စိုက်ခင်း | သဘာဝတော |
| ၁ | ကျွန်းသစ်လုံး | ကုဗတန် | ၃,၀၀၀ | ၁၅,၀၀၀ |
| ၂ | သစ်မာအုပ်စု (၁) သစ်လုံး | | | |
| | (က) ပိတောက်/ တမလန်း | ကုဗတန် | ၃,၀၀၀ | ၁၅,၀၀၀ |
| | ( ခ ) ပိတောက်/ တမလန်းမှအပ | ကုဗတန် | ၂,၀၀၀ | ၁၀,၀၀၀ |
| ၃ | သစ်မာအုပ်စု (၂) သစ်လုံး | ကုဗတန် | ၁,၀၀၀ | ၅,၀၀၀ |
| ၄ | သစ်မာအုပ်စု (၃)၊ (၄)၊ (၅) သစ်လုံး | ကုဗတန် | ၆၀၀ | ၃,၀၀၀ |
| ၅ | ပြည်ပသစ်မျိုး (ယူကလစ်၊ မန်ဂျန်ရှား စသည်) သစ်လုံး | ကုဗတန် | ၆၀၀ | - |
| ၆ | ကျွန်းတိုင် | လုံး | ၈၀ | ၄၀၀ |
| ၇ | သစ်မာ/ပြည်ပသစ်မျိုး တိုင် | လုံး | ၅၀ | ၂၅၀ |
| ၈ | ကျွန်း/ သစ်မာ/ ပြည်ပသစ်မျိုး မျော | လုံး | ၁ | ၅ |

( ဂ ) သစ်တောနယ်မြေပြင်ပတွင် စိုက်ပျိုးတည်ထောင်ထားပြီး သစ်တောဦးစီးဌာနတွင် မှတ်ပုံတင်ထားသော သစ်တောစိုက်ခင်းများနှင့် သစ်တောသစ်ပင်များမှ ထုတ်လုပ်ထွက်ရှိသည့် သစ်လုံး၊ တိုင်၊ မျောများအတွက် သတ်မှတ်သည့်အခွန်နှုန်းများ-

| စဉ် | အမျိုးအစား | ရေတွက်ပုံ | အခွန်နှုန်း(ကျပ်) |
|---|---|---|---|
| ၁ | ကျွန်းသစ်လုံး | ကုဗတန် | ၁,၅၀၀ |
| ၂ | သစ်မာအုပ်စု (၁) သစ်လုံး | | |
| | (က) ပိတောက်/ တမလန်း | ကုဗတန် | ၁,၅၀၀ |
| | ( ခ ) ပိတောက်/ တမလန်းမှအပ | ကုဗတန် | ၁,၀၀၀ |

| စဉ် | အမျိုးအစား | ရေတွက်ပုံ | အခွန်နှုန်း(ကျပ်) |
|---|---|---|---|
| ၃ | သစ်မာအုပ်စု (၂) သစ်လုံး | ကုဗတန် | ၅၀၀ |
| ၄ | သစ်မာအုပ်စု (၃)၊ (၄)၊ (၅) သစ်လုံး | ကုဗတန် | ၃၀၀ |
| ၅ | ပြည်ပသစ်မျိုး (ယူကလစ်၊ မန်ဂျန်ရှား စသည်) သစ်လုံး | ကုဗတန် | ၃၀၀ |
| ၆ | ကျွန်းတိုင် | လုံး | ၄၀ |
| ၇ | သစ်မာ/ပြည်ပသစ်မျိုး တိုင် | လုံး | ၂၅ |
| ၈ | ကျွန်း/ သစ်မာ/ ပြည်ပသစ်မျိုး ျမော | လုံး | ၀.၅ |

၂။ ဤအမိန့်ကြော်ငြာစာအား ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၆ ရက်မှစ၍ အတည်ဖြစ်ကြောင်း သတ်မှတ်ကြေညာလိုက်သည်။

၃။ ပုဂ္ဂလိကသစ်တောစိုက်ခင်းများမှ ထုတ်လုပ်ထွက်ရှိသည့် ပင်ကျပ်တိုင်၊ ပင်ကျပ်မျောများကို အခွန်ကောက်ခံရန် ဆောင်ရွက်ခွင့်ပြုကြောင်း သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၏ ၁၉-၁၁-၂၀၁၄ ရက်စွဲပါစာအမှတ်၊ လင/ အခ/ ၀၀၅ (၁၅၂၂၄-၄၁/ ၂၀၁၄)နှင့် ၁၁-၄-၂၀၁၉ ရက်စွဲပါ စာအမှတ်၊ လင/ အခ/ ၀၀၅ (၄၅၆၉/ ၂၀၁၉)တို့အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဒေါက်တာ ညီညီကျော်
ညွှန်ကြားရေးမှူးချုပ်
သစ်တောဦးစီးဌာန

စာအမှတ်၊ လင/ အခ/ ၀၀၇၈ ( ၁၆၇၈၆ / ၂၀၂၀)
ရက် စွဲ ၊ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၆ ရက်

ဖြန့်ဝေခြင်း

ပြည်ထောင်စုဝန်ကြီးရုံး၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
အမြဲတမ်းအတွင်းဝန် (ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ/ သတ္တုရေးရာ)၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
နေပြည်တော်ကောင်စီရုံး
တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ရုံးများအားလုံး

ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့သစ်လုပ်ငန်း

ညွှန်ကြားရေးမှူးချုပ်၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ မြေတိုင်းဦးစီးဌာန

ပါမောက္ခချုပ်၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်

ညွှန်ကြားရေးမှူး၊ ပြည်ထောင်စုနယ်မြေ၊ ................ တိုင်းဒေသကြီး/ ပြည်နယ်

ကျောင်းအုပ်ကြီး၊ မြန်မာနိုင်ငံသစ်တောကျောင်း၊ ပြင်ဦးလွင်မြို့

ကျောင်းအုပ်ကြီး၊ဗဟိုသစ်တောလုပ်ငန်းဖွံ့ဖြိုးမှုလေ့ကျင့်ပညာပေးရေးဌာန(မှော်ဘီ/ပုသိမ်ကြီး)

ညွှန်ကြားရေးမှူးချုပ်၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန (မြန်မာနိုင်ငံပြန်တမ်းအပိုင်း(၁)တွင် ထည့်သွင်းကြေညာပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် အပိုမိတ္တူ(၃)စောင်နှင့်အတူ ပူးတွဲပေးပို့ပါသည်။)

အမိန့်ကြော်ငြာစာတွဲ

ရုံးလက်ခံ

မျှော်စာတွဲ

**အမိန့်အရ**

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)

[ဖေချစ်၊ ညွှန်ကြားရေးမှူး(သဘာဝတော/စိုက်ခင်း)]